## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ ပြည်ထောင်စုမြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ ဒို့မြေကွန်ရက်၏ သဘောထားကြေညာချက်

၁၇ ဇန်နဝါရီ ၂၀၂၀

ဒို့မြေကွန်ရက်သည် နိုင်ငံတဝှမ်းရှိမြေယာအရေးလှုပ်ရှားကြသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ တောင်သူလယ်သမား သမဂ္ဂများနှင့် မိတ်ဘက်အဖွဲ့များပါဝင်သည့် အမျိုးသားအဆင့် တိုင်းရင်းသားပေါင်းစုံပါဝင်သော ကွန်ရက်တစ်ခု ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင်းပင်သည် ၂၀၂၀-ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံအတွင်း သံတမန်ခရီးစဉ် တစ်ခုရှိပြီး အဆိုပါခရီးစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူညီချက်များကိုလည်း ရေးထိုးမည်ဟု ကြားသိရ ပါသည်။ သို့ဖြစ်ရာ အဆိုပါခရီးစဉ်နှင့်သဘောတူညီချက်များအပေါ် ဒို့မြေကွန်ရက်က အောက်ပါအတိုင်း သဘောထား ကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။

၁။ မြန်မာနိုင်ငံ၏ မြေယာပြဿနာများနှင့် မတရားမြေသိမ်းမှုများသည် ယနေ့အချိန်ထိ ထိရောက်စွာဖြေရှင်းပြေလည် နိုင်ခြင်းမရှိသေးပဲ ဆက်လက်ရှုပ်ထွေးနေဆဲဖြစ်သည်။ လက်ရှိမြေနှင့်သက်ဆိုင်သည့်ဥပဒေမူဘောင်များနှင့် ပြဿနာ ဖြေရှင်းရေးယန္တရားများက အဆိုပါပြဿနာများကို ဖြေရှင်းပြေလည်နိုင်ခြင်းမရှိသည့်အပြင် မတရားမြေသိမ်းဆည်းမှု များကို တရားဝင်ဆောင်ရွက်ခွင့်ပြုသည့် ဥပဒေမူဘောင်များဖြစ်နေသည့်အတွက် မြေယာပြဿနာများကို ပိုမိုးဆိုးဝါး လာစေလျက်ရှိသည်။ အထူးသဖြင့် ဓလေ့ထုံးတမ်းအရမြေယာရယူစီမံခန့်ခွဲအသုံးပြုမှုစနစ်များကို ခြိမ်းခြောက်လျက် ရှိနေပြီး တိုင်းရင်းသားဒေသများရှိပြည်သူများ၊ စစ်ဘေးရှောင်ပြည်သူများကို မြေမဲ့ယာမဲ့များဖြစ်နေစေသည်။

၂။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် (အထူးသဖြင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံအတွင်းမှ စီမံကိန်းများ) မြေယာ ပြဿနာများနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိပြီး ယနေ့အချိန်ထိ မဖြေရှင်းနိုင်သေးသည့် ပြဿနာများစွာလည်း ရှိနေသည်။ ဆက်လက်ဆောင်ရွက်မည့်/ ဆောင်ရွက်ရန် သဘောတူမည့်စီမံကိန်းများ၊ လုပ်ငန်းများအတွက်လည်း ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည် - (အထူးသဖြင့် စီမံကိန်းများကြောင့် လျော်ကြေးပင် မရပဲ မြေသိမ်းခံရမည့် ဥပဒေအရဖယ်ကျဉ်ခံနေရသော ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုအောက်မှ မရေမတွက် နိုင်သောပြည်သူများ)။

၃။ ထို့အပြင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံအတွင်းရှိ စီမံကိန်းများ၊ သဘောတူညီမှုများကိုဆုံးဖြတ်ခြင်း၊ အကောင် အထည်ဖော်ခြင်းများတွင် အောက်ပါအချက်များကို သုံးသပ်တွေ့ရှိရသည်။

- စီမံကိန်းများ၊ သဘောတူညီမှုများကိုဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဒေသခံများ၊ ထိခိုက်ခံရနိုင်ခြေရှိသူများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်နေခြင်းမရှိ။
- ရှိနှင့်ပြီးသား မြေယာပြဿနာများကို ဖြေရှင်းပြေလည်နိုင်ခြင်းမရှိသေးပဲ စီမံကိန်းအသစ်များကို သဘောတူ လက်မှတ်ထိုးခြင်းများသည် ဒေသခံများအတွက်သာမက ရင်းနှီးမြှုပ်နှံသူများအတွက်ပါ အန္တရာယ်များသည်။
- တိုင်းရင်းသားဒေသများတွင် တိုးမြင့်ကျယ်ပြန့်လာနေသော လက်နက်ကိုင်ပဋိပက္ခများသည် ရှုပ်ထွေးနေဆဲ မြေယာကဏ္ဍအတွင်း ပဋိပက္ခကို ပိုမိုတိုးပွားလာစေမည့်အန္တရာယ်ရှိနေကြောင်း ထင်ရှားသည့် အထောက် အထားများဖြစ်သည်။
- သတင်းအချက်အလက် လုံလောက်စွာမရသောကြောင့် ပြည်သူများက စီမံကိန်းများအပေါ် ဆန့်ကျင် ကန့်ကွက်ကြမည့် အလားအလာများရှိသကဲ့သို့ ပွင့်လင်းမြင်သာမှုကင်းမဲ့ခြင်းများက ရှိနှင့်ပြီးသား အကျင့် ပျက်ခြစားမှုများကို ပိုမိုဆိုးဝါးလာစေနိုင်သည်။
- ရင်းနှီးမြှုပ်နှံမှုများကြောင့် ပဋိပက္ခများတိုးပွားစေပြီး ငြိမ်းချမ်းရေးကိုထိခိုက်နေသည့် ဖြစ်စဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ထိခိုက်လာနိုင်သည်။

၄။ အဆိုပါအခြေအနေတွင် အိမ်နီးချင်းနှစ်နိုင်ငံ၏ ကောင်းမွန်သော သံတမန်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ၎င်းမှတဆင့် ပိုမိုကောင်းမွန်သည့်အကျိုးဆက်များ ဆက်လက်ရရှိနိုင်ရန်အတွက် အောက်ပါအချက်များ လိုက်နာဆောင်ရွက်နိုင်ပါရန် တောင်းဆိုပါသည်။

- စီမံကိန်းနှင့်ပတ်သက်သည့် ဒေသရှိ ပြည်သူများ၊ ထိခိုက်ခံရနိုင်ခြေရှိသူများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် စီမံကိန်းရေးဆွဲရေး၊ သဘောတူရေး၊ အကောင်အထည်ဖော်ရေး ဖြစ်စဉ်တစ်လျှောက်လုံးတွင် အဓိက ဆုံးဖြတ်ချက်ချရာ၌ ပါဝင်နေရမည်။
- ဆောင်ရွက်နေဆဲစီမံကိန်းများ၊ ဆက်လက်သဘောတူမည့်စီမံကိန်းများသည် လက်ရှိမြေယာပြဿနာများကို ဆက်လက်ရှုပ်ထွေးစေနိုင်သည့်အတွက် ဖြေရှင်းပြေလည်စေမည့်နည်းလမ်းများကို ဦးစွာဖော်ထုတ်ပြင်ဆင် ဆောင်ရွက်ရန် တာဝန်ခံရမည် ။
- ဒေသခံများ၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအရမြေယာစီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြု လေးစားလိုက်နာရမည်။ လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ၏ မြေယာအခွင့်အရေးများကို အပြည့်အဝ အာမခံမှု ရှိရမည်။
- မြေယာအခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်သည့်အလျောက် - တရုတ်၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် လူ့အခွင့်အရေးချိုးဖောက်သော/ လူ့အခွင့်အရေးချိုးဖောက်မှုကို အားပေးသော စီမံကိန်းများမဖြစ်စေရန် အာမခံ တာဝန်ယူ၊ တာဝန်ခံရမည်။
- ရင်းနှီးမြှုပ်နှံမှုများသည် မြေနှင့်ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်ဂေစနစ် ထိခိုက်ပျက်စီးစေကြောင်း အထောက်အထားများရှိပြီး ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ထိခိုက်ပျက်စီးမှုမရှိစေရန် အာမခံ တာဝန်ယူ၊ တာဝန်ခံရမည်။
- အထက်ပါအခြေအနေများကို မရရှိနိုင်သေးသည့်ဒေသများ၊ စီမံကိန်းများကို တွန်းအားပေးခြင်းမပြုပဲ ဆိုင်းငံ့ထားရမည်။

**- ဆက်သွယ်ရန် -**

၁။ ကိုစည်သူ ၀၉ ၇၉၀၇၃၉ ၄၈၈
၂။ မိခမွန်း ၀၉ ၄၀၁၆၀ ၁၈၂၂